# စိန်ဂါဗြီအဲလ် ဘရာသာရ် များ၏ မြန်မာနိုင်ငံတွင်း (၅) နှစ်တာ ပညာရေးခရီးလမ်း

စိန်ဂါဗြီအဲလ်ဘရာသာရ်များ၏ မြန်မာနိုင်ငံတွင်း သာသနာပြု လုပ်ငန်းများ နှင့် ပတ်သတ်ပြီး အနည်းငယ် ကို စာဖတ်မရိတ်သတ်များနှင့် မိတ်ဆက်ပေးလိုပါသည်။ ရန်ကုန်မြို့မှ ဒလဆိပ်ကမ်းသို့ ကူးကာ တစ်နာရီမျှ ကား စီးလိုက်မည် ဆိုလျှင် သမိုင်းဝင် တွံတွေး မြို့ သို့ရောက်ရှိမည်ဖြစ်ပါသည်။ တွံတေးမြို့ Assumption Catholic Church ရှေ့မျက်နှာ ချင်းဆိုင်တွင် ခေတ်မှီသပ်ရပ်စွာတည်ဆောက်ထားသော အဆောက်အအုံကြီးကို စာဖတ်သူတို့ တွေ့ရပါလိမ့်မည်။ ထိုအဆောက်အအုံမှာ စိန်ဂါဗြီအဲလ် ဘရာသာရ်များ တည်ထောင်ထားသော Assumption Learning Loft (ALL) အင်္ဂလိပ်ဘာသာစကား နှင့် ကွန်ပျူတာသင်တန်းကျောင်းပင် ဖြစ်ပါသည်။


ALL သင်တန်းကျောင်းဆောင်

## မြန်မာနိုင်ငံတွင်း သာသနာပြုလုပ်ငန်းစတင်ခဲ့ပုံ

စိန်ဂါဗြီအဲလ် ဂိုဏ်းဝင် ဘရာသာရ် Dominic Yeo Koh သည် မြန်မာနိုင်တွင် သာသနာပြုလုပ်ငန်း မစတင်မီ သာသနာပြုလုပ်ငန်းစတင်ရန် အခွင့်အလမ်းများကို ဆယ်စုနှစ် တစ်ခုကြာအောင် လေ့လာစူးစမ်းခဲ့သည်။ ဖာသာရ်နော်အေး၊ ဖာသာရ် လွီစ်ရဲမြင့် နှင့် မွန်ဆီညော် ဖရန်စစ်တို့သည်လည်း မလေးရှားနှင့် စင်္ကာပူရှိ Brothers of St. Gabriel ၏ သင်တန်းကျောင်းများနှင့် ကျောင်းများကို သွားရောက်လေ့လာခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ကာဒီနယ်ချားလ်စ်ဘို၏ ဖိတ်ကြားမှုဖြင့် တွံတေး သာသနာတွင် ပညာရေး သာသနာပြုလုပ်ငန်းကို စတင်ခဲ့ပါသည်။ ၂၀၁၄ မှ ၂၀၁၆ ခုအထိ ဖာသာရ် လွီစ်ရဲမြင့်နှင့် တွံတေး သာသနာရှိ ဘာသာတူများ၏ ကူညီမှုဖြင့် တွံတေး ဘုရားကျောင်းဝန်းအတွင်း ကလေးနှင့် လူငယ်များအား အင်္ဂလိပ်ဘာသာစကား သင်တန်းများကို အခက်အခဲမရှိ ပို့ချနိုင်ခဲ့ ပါသည်။


ကာဒီနယ်ချားလ်စ်ဘိုနှင့် ဘရာသာရ်များတွေ့ဆုံခြင်း

လူမျိုးဘာသာမရွေး ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာစကား သင်တန်းကို တက်ရောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းဆောင် အဆောက် အဦးကြီးကို တည်ဆောက်ခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လတွင် ဆရာတော် ဂျွန်စောယောဟန်မှ ကျောင်းဆောင်ကို ကောင်းချီးပေးခဲ့ပါသည်။



ကျောင်းဆောင်သစ်အား ကောင်းချီးပေးခြင်း




သင်တန်းကျောင်းတရားဝင်ဖွင့်လှစ်ခြင်းအစီအစဉ်

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မွန်ဆီညော် ဖရန်စစ်နှင့် ဦးအောင်ကိုကို (Brothers of St. Gabriel တို့အား တာဝန်ခံပေးသည့် တွံတေးသာသနာဂေါပက ဥက္ကဋ္ဌ) တို့မှ ဦးဆောင်ပြီး အစိုးရ အသိ အမှတ်ပြု အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာ သင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

## ရည်ရွယ်ချက်

မိမိ၏အရည်အချင်းကို ရှာဖွေဖော်ထုတ် ပြုစုပျိုးထောင်နိုင်သော နေရာတစ်ခုဖြစ်ရန်

## ရည်မှန်းချက်

(က) သင်ယူလေ့လာရန် အထောက်အကူပြုသော နေရာတစ်ခု ဖန်တီးပေးခြင်း။

(ခ) တန်းတူညီမျှသော အခွင့်အရေးကို ကလေးနှင့်လူငယ်များအား ပံ့ပိုးပေးခြင်း။

## <u>ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများ</u>

### ကလေးငယ်နှင့်လူငယ်များအတွက်အင်္ဂလိပ်ဘာသာစကားသင်တန်းများ

မျက်မှောက်ခေတ်တွင် အလုပ်အကိုင်၊ အဆင့်မြင့်ပညာရေး၊ လူမှုစီးပွားရေး စသည့် နယ်ပယ်များတွင်သာမက အခြားနယ်ပယ်များတွင်လည်း အင်္ဂလိပ် ဘာသာစကားသည် ယခင်ထက်ပိုမို အရေးပါလာပါသည်။ သို့ဖြစ်၍ ALL သည် ကလေးငယ်များ(Pre-KG ) မှ UDE ကျောင်းသားများအထိ အင်္ဂလိပ်ဘာသာစကားကို အခြေခံမှ အဆင့်မြင့်အင်္ဂလိပ်စာအထိ သင်ကြားပြသပေးလျက်ရှိပါသည်။

## ကလေးငယ်များနှင့်လူငယ်များအတွက် ကွန်ပျူတာသင်တန်းများ

ကွန်ပျူတာပညာရပ်ကျွမ်းကျင်မှုသည် ကလေးငယ်များနှင့်လူငယ်များ၏ အနာဂတ်အတွက် အရေးပါလှသည်။အထူးသဖြင့် ကွန်ပျူတာပညာရပ်သည် တီထွင်ဖန်တီးမှု၊ အမျိုးမျိုးသောစာရင်းအင်းပြုစုမှု နှင့်ကွန်ပျူတာနှင့်ထိန်းချုပ်သော စက်ကရိယာများဖန်တီးမှုစသော နယ်ပယ်များတွင်အရေးပါသည်။ ထို့ကြောင့် ALL သည် ကွန်ပျူတာပညာရပ်ကို အခြေခံမှ အထူးပြုကွန်ပျူတာ သင်တန်းများ အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

## အခြေခံဆရာဖြစ်သင်တန်း

အင်္ဂလိပ်ဘာသာစကားနှင့်ကွန်ပျူတာပညာရပ်များကို ကျွမ်းကျင်စွာတတ်မြောက်ပြီး ဆရာ၊ဆရာမ အဖြစ် အသက်မွေးလိုသော လူငယ်များအတွက် ရည်ရွယ်ပြီး အခြေခံ ဆရာဖြစ်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးပါသည်။

## <u>၂၀၂၀ တွင် တိုးချဲ့ဖွင့်လှစ်မည့် သက်မွေးသင်တန်းများ</u>

အခြေအနေအမျိုးမျိုးကြောင့် ကျောင်းပညာရေးကို ဆက်မလျှောက်လှမ်းနိုင်သော လူငယ်မောင်မယ်များအတွက် အိမ်တွင်းလျှပ်စစ် ဝါယာရိန်းသင်တန်းနှင့်ကွန်ပျူတာပြုပြင်ထိန်းသိမ်းမှု သင်တန်းစသည့် သက်မွေးသင်တန်းများကို ၂၀၂၀ တွင်ဖွင့်လှစ်ရန် ရည်ရွယ်ထားပါသည်။

## အိမ်တွင်းလျှပ်စစ်ဝါယာရိန်းသင်တန်း

ကိုယ်ပိုင်ဝါယာရိန်း ဆိုင်တည်ထောင်လိုသူများ၊ ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ကာ သင်ကြားပြသပေးသွားပါမည်ဖြစ်ပါသည်။

## ကွန်ပျူတာပြုပြင်ထိန်းသိမ်းမှုသင်တန်းများ

ကွန်ပျူတာပြုပြင်ထိန်းသိမ်းမှုသင်တန်းတွင် Hardware နှင့် Software (System) ပိုင်းကို ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ ကွန်ပျူတာ Service Centre နှင့် ကုမ္ပဏီများတွင် Technician အဖြစ်အသက်မွေးလိုသူများ တက်ရောက်နိုင်သည်။




၂၀၁၉ နွေရာသီသင်တန်းအဖွဲ့လိုက်ပုံ

နိဂုံးအနေဖြင့် ကလေးငယ်များနှင့် လူငယ် များ၏ ပစ္စုပ္ပန်နှင့် အနာဂတ် အတွက် ဉာဏပိုင်း သာမက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာစေရန်နှင့် လိမ္မာရေးခြားရှိလာ စေရန် The Brothers of St. Gabriel သာသနာပြုလုပ်ငန်းတွင် အားတက်သရောပံ့ပိုးကူညီကြသော အဖကာဒီနယ် ချားလ်စ်ဘို၊ ဆရာတော် ဂျွန်စောယောဟန်၊ ယခင်တွံတေးကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာ် လွီးစ်ရဲမြင့်နှင့် လက်ထောက် ဘုန်းတော်ကြီး ဖာသာ် စောဟင်နရီ၊ ယခုလက်ရှိ တွံတေးသာသနာကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာ် ဩဂုတ်စတင်း ၊လက်ထောက် ဘုန်းတော်ကြီး ဖာသာ် ပီအူး ၊ SFX ဘရာသာ်များ သီလရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ALL ကော်မတီ အဖွဲ့ဝင် အားလုံးတို့အား အထူးကျေးဇူးတင်ကြောင်း နှင့် ဘုရားသခင်ကောင်းကြီးပေးပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါသည်။



ငါးနှစ်ပြည့်ကျေးဇူးတင်ဆုတောင်းခြင်းအခမ်းအနား

The Brothers of St. Gabriel ၏ သာသနာပြုလုပ်ငန်းများအားလုံး အပေါ်ဘုရားသခင်၏ ကြည့်ရှုစောင်မခြင်းနှင့် ကောင်းကြီးမင်္ဂလာ သက်ရောက်ပါစေမည့်အကြောင်း ဆုတောင်းပေးကြပါရန်လည်း အထူး မေတ္တာရပ်ခံအပ်ပါသည်။

**မှတ်ချက် (က)** *သင်တန်းများအားလုံးအတွက် ရပ်ဝေးမှအကျောင်းသူ၊သားများအတွက် အဆောင်စီစဥ်ပေးပါသည်။ သင်တန်းကျေးပေးရန် အခက်ခဲရှိသော ဆယ်တန်းအောင် လူငယ်များကိုလည်း ရှိထားသော ရန်ပုံငွေ(အလှူငွေ) များမှ ပညာသင်စုစီစဥ်ပေးပါသည်။*

**(ခ)** သာသနာပြုလုပ်ငန်းများ အထူးသဖြင့် သင်တန်းကျေးပေးရန် အခက်ခဲရှိသော လူငယ်များအတွက် ပညာသင်စု အလှူငွေ(ရန်ပုံငွေ) ပေးလှူကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

***လိပ်စာ*** *။ ။ အမှတ် (၁)၊ မရမ်းကုန်း(၃)လမ်း၊ ဈေးသစ်ရပ်ကွက်၊ တွံတေးမြို့။ (ဖုန်း - ၀၄၅-၅၀၀၃၅၊ ၀၉-၄၅၄၄၄၇၀၃)*

The Brothers of St. Gabriel ၏

အမှုတော်ထမ်းများ